ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

စာအမှတ်၊ ၂၇၆ / ၅(MoU)/ ဘစမ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်

အကြောင်းအရာ။ MoU/ LoA/ LoI လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများအား လိုက်နာဆောင်ရွက်ရန်ကိစ္စ

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) သည် လျင်မြန်စွာကူးစက်နိုင်ပါသောကြောင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် MoU/ LoA/ LoI လက်မှတ်ရေးထိုး၍ လုပ်ငန်း များပူးပေါင်းဆောင်ရွက်လျက်ရှိကြသော UNs/ INGOs/ NGOs အဖွဲ့အစည်းများအနေဖြင့် လူစုလူဝေးဖြင့်ကျင်းပရမည့် အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များအား ယနေ့မှစ၍ ဧပြီလ (၃၀)ရက်နေ့အထိ ခေတ္တရပ်ဆိုင်းထားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မေတ္တာရပ်ခံ ပန်ကြားထားပါသည်။ ထို့အပြင် MoU/ LoA/ LoI ရေးထိုးဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဒေသများတွင် လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ ပြည်သူများနှင့်ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူများနှင့်ဖြစ်စေ လူစုလူဝေးနှင့် တိုက်ရိုက်တွေ့ဆုံ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ရှားကြရန်၊ စီမံကိန်းဒေသရှိ တာဝန်ရှိသူ ကိုယ်စားလှယ်များမှတစ်ဆင့် ဆောင်ရွက်ပေးပါရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ပေးပါရန် အကြောင်းကြားပါသည်။

၂၆/၃/၂၀၂၀

ညွှန်ကြားရေးမှူးချုပ်( ကိုယ်စား)
(မြတ်မိုးသွယ်၊ ညွှန်ကြားရေးမှူး)

---

မိတ္တူ
ရုံးလက်ခံ/ မျှော